**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**

Yangon Protestant Reformed Church

**တနင်္ဂနွေစာစောင်**

နေ့စွဲ - ၁၃. ၉. ၀၉

## သူငယ်ချင်းအဖြစ်မှပြတ်ဆဲရခြင်း(The Breaking of Friend)

“ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကိုဖန်ဆင်း၏။” ကမ္ဘာ ၁း၂၇
“ထိုအပင်သည် စားဖွယ်ကောင်းခြင်း၊ အဆင်းလည်းလှခြင်း၊ ပညာတိုးပွားစေလိုသောငှာ၊ နှစ်သက်ဖွယ်သော အပင်ဖြစ်ခြင်းကို မိန်းမသည်မြင်လျှင်၊ အသီးကို ယူ၍စား၏။ မိမိခင်ပွန်းအားလည်းပေး၍ သူသည်လည်း စား၏။” ကမ္ဘာ ၃း၆
“ထာဝရအရှင် ဘုရားသခင်ကလည်း လူသည် ငါတို့တွင် တပါးပါးကဲ့သို့ဖြစ်၍ ကောင်းမကောင်းကို သိတတ်၏။ ယခုမှာ သူသည် ထာဝရအသက်ကိုရခြင်းငှာ၊ လက်ကိုဆန့်လျှက် အသက်ပင်၏အသီးကို ယူ၍မစားသင့်ဟု မိန့်တော်မူ၍၊ လူသည် မိမိထွက်သောမြေ၌ လုပ်ရမည်အကြောင်း၊ ထာဝရအရှင် ဘုရားသခင်သည်၊ ဧဒင်ဥယာဉ်ထဲက လွှတ်လိုက်တော်မူ၏။” ကမ္ဘာ ၃း၂၂-၂၃

ဘုရားသခင်သည် လူကို သူ၏သူငယ်ချင်းအဖြစ် ဖန်ဆင်းသည်။ သို့သော် ရှောလမုန်မင်းကြီးပြောသလို၊ ထိုမိတ်ဆွေဖြစ်ခြင်းသည် မကြာမှီပျက်သွားပါသည်၊ “ဘုရားသခင်သည် လူကို ဖြောင့်မတ်အောင် ဖန်ဆင်းတော်မူသော်လည်း၊ လူတို့သည် များပြားသောအကြံအစည်တို့ကို ရှာဖွေကြံစည်ကြပြီ။” ဒေ ၇း၂၉

### ၁။ လူကိုဖန်ဆင်းခြင်း

လူကိုဖန်ဆင်းသည့်အခါ၊ ဘုရားသခင်သည် သူ၏ပုံသဏ္ဍာန်အတိုင်း ဖန်ဆင်းခြင်းဖြစ်သည် (ကမ္ဘာ ၁း၂၇)။ ထိုသို့ဖြင့် လူသည် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို ထင်ဟပ်နိုင်မည်ဖြစ်သည်။ ထိုမှသာ ဖန်ဆင်းခြင်းတခုလုံးသည် လူ၏အလိုကို ဆန္ဒရှိစွာ လိုက်နာမည်ဖြစ်သည်။

ထိုထက်မက ပိုပါသည်။ ဖန်ဆင်းခြင်းတခုလုံးက လူကို ဖန်ဆင်းရှင်၏ကိုယ်စားလှယ်အဖြစ် နာခံယုံတင် မကပါ၊ လူသည် သူတို့အထဲသွားလာလျှက်မိမိ၏အထူးတာဝန်ကိုလည်းလုပ်ဆောင်နိုင်ပါသည်၊ ၎င်းမှာ သူတို့ကို အမည်မှည့်ခြင်းဖြစ်သည် (ကမ္ဘာ ၂း၁၉)။ လူသည် ဖန်ဆင်းခံတို့၏ အတွင်းအကျဆုံးသဘာဝနှင့် ဘုရားသခင်၏ ဖန်ဆင်းရခြင်း ရည်ရွယ်ချက်တို့ကို ဖတ်နိုင်ပါသည်။ ထိုအချက်သည် ဖန်ဆင်းခံတို့၏ နာမည်ဖြစ်သည်။ လူကမြင်နိုင်သည်၊ စကားလုံးဖြင့် ပြန်လည်ဖေါ်ထုတ်နိုင်သည်၊ ဖန်ဆင်းရှင်အား ချီးမွမ်းခြင်းအဖြစ်ပြန်လည်တင်ပြနိုင်သည်၊ ၎င်းကို ဘုရားသခင် ကြား၍ အားရတော်မူပါသည်။

ထို့နောက် ညနေခင်းနေအေးချိန်ရောက်သော်၊ တနင်္ဂနွေဥပုသ်နေ့ညနေခင်းဖြစ်ကြောင်း သေချာပါသည်၊ ဘုရားသခင်သည် ကြွလာတော်မူ၍ လူနှင့်မိတ်သဟာယပြုပါသည်။ အာဒံနှင့်ဧဝသည် ဖန်ဆင်းခြင်းအတွင်း သူတို့ မြင်သမျှကို ပြန်ပြောကြပါသည်။ ဘုရားသခင်က ထိုအရာတို့၏ နောက်ကွယ်တွင်ရှိနေသော သူ၏ပညာတော်အကြောင်းကို ရှင်းပြတော်မူပါမည်။ သူတို့၏ဝိညာဉ်များကို မိတ်သဟာယဖွဲ့ခြင်းဖြင့် ပို၍ခွန်အားရှိစေတော်မူပါသည်။ ထို့နောက် အသက်ပင်၏အသီးကို ပွဲတော်မင်္ဂလာသဖွယ်စားလျှက် ကိုယ်ခန္ဓာကိုပါ ခွန်အားရှိစေကြပါသည်။ ထိုသို့လုပ်သမျှကာလပတ်လုံး၊ သူတို့သည် မသေရမည်မှာ အသေချာပင်ဖြစ်သည် (ကမ္ဘာ ၃း၂၆)။

### ၂။ မိတ်ဆွေဖြစ်မှု ကျိုးပျက်ခြင်း( The Breaking of Friendship)

သို့သော် သိပ်ကြာကြာမခံလိုက်ပါ။

ပြဿနာသည် ကောင်းကင်တွင် စပါတော့သည်။ ထိုနေရာတွင် သဘာဝအားဖြင့် လူထက် တန်ခိုးကြီးအောင် ဖန်ဆင်းထားသော ကောင်းကင်တမန်တို့ရှိကြသည်(ဆာလံ ၈း၅)၊ သို့သော် လူ၏အစေကိုခံရန် တာဝန်ချထားသည် (ဟေဗြဲ ၁း၁၄)။ လူစီဖာ(ဟေရှာ ၁၄း၁၂)သည် ကောင်းကင်တမန်တို့၏ခေါင်း

ဆောင်ဖြစ်သည်(ယေဇ၂၈း၁၄)။ သူက ထိုတာဝန်ကို လက်မခံပါ၊ ကောင်းကင်တမန်တပြုံတမကြီးကို ခေါင်းဆောင်၍ ပုန်ကန်ပါတော့သည်။ သူတို့သည် မြေပေါ်သို့ မောင်းချခံကြရသည် (ယေဇ ၂၈း၁၆)။ သူ၏နာမည်လည်း ပြောင်းသွားသည်၊ လူစီဖာ မဟုတ်တော့ပါ၊ စာတန်ဖြစ်လာသည်။ မြေပေါ်တွင် စာတန်သည် လူကို ဘုရားသခင်၏စကားအား ငြင်းပယ်လျှက် သူ၏အကြံအောင်မြင်ရန် ဆက်ကြိုးစားပါသည်။

အားပေးသလိုနှင့် ဤသို့ပြောသည်၊ "သင်တို့သည် ဧကန်အမှန် သေရမည်မဟုတ်၊ အကြောင်းမူကား ထိုအသီးကို စားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျှက် ကောင်းမကောင်းကို သိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတံ့သည်ကို ဘုရားသခင် သိတော်မူသည်။" ကမ္ဘာ ၃း၅ ဤစကားတွင် အချက်အလက် အတော်ပါနေပါသည်။

၁) စာတန်က ဘုရားသည် မှားနေသည်ဟု စွတ်ဆွဲသည် - မဖြစ်နိုင်သောအရာဖြစ်သည် (တိတု ၁း၂) - သူ(စာတန်)၏ မကောင်းသောအကြံအစည်ဖြစ်သည် (ဗျာ ၁၂း၉)။

၂) ဘုရားသခင်သည် လူထံ၌ အင်မတန်ကောင်းသောအရာကို ဝှက်ထားသည်ဟု ပြောခြင်း။

၃) အာဒံနှင့်ဧဝအား ကောင်းခြင်းနှင့်မကောင်းခြင်းကို သိနိုင်ရန် ဘုရားသခင်၏စကားကို နားထောင်၍ ဆုံးဖြတ်စရာ မလိုကြောင်း၊ သူတို့ဘာသာသူတို့ သိနိုင်သော(ဆုံးဖြတ်ဆိုင်သော)အစွမ်းရှိသည်ဟု ပြောပြခြင်း။

၄) လူက ထိုအပင်၏အသီးကိုစားလျှင်၊ ဘုရားသခင်က သူ့ကို ဘာမှလုပ်နိုင်မည်မဟုတ်ဟု ထပ်မံတိုက်တွန်းခြင်း။

၅) ထိုသို့ပြုခြင်းဖြင့်၊ မိမိတို့သည် ဘုရားသခင်နှင့်အဆင့်တူကြောင်းပြနိုင်ကြမည်ဟု ဆက်ပြောခြင်း။

လန့်စရာကောင်းသည့်အချက်မှာ၊ ယနေ့ခေတ် လူသားများ တွေးခေါ်နေကြပုံနှင့် ထိုအချက်များသည် အတိအကျ တူနေခြင်းဖြစ်သည်။ သို့သော် လူအများက ထိုသို့ပြုခြင်းသည် ကောင်းလှကြောင်း ချီးမွမ်းနေကြသည်၊ ခရစ်ယာန်အများလည်း ပါတတ်ကြသည်။ လူအများကတွေးသည်မှာ လူတယောက်သည် မိမိရည်မှန်းချက်ကို မရရအောင် လုပ်ခြင်းသည် ကောင်းသည်၊ သူလုပ်ကိုလုပ်ရမည့်အရာဖြစ်သည် ဟူ၍ဖြစ်သည်။ သို့သော် ထိုသို့လုပ်ကိုင်ခြင်းသည် အမြဲတမ်း ကျဆုံးနေကြပါသည်၊ ထိုသို့ထင်၍လုပ်ကိုင်ခြင်းဖြင့် ကမ္ဘာကြီးသည် မဆုံးနိုင်သော ဒုက္ခဆင်းရဲခြင်းသို့ နှစ်မြုတ်လျှက်ရှိပါသည်။ သို့သော် ဆက်၍ဆက်၍ လုပ်နေမြဲသာဖြစ်ပါသည်၊ ဧသော၏အမျိုးအနွယ် ဧဒုံက ကြွားဝါခဲ့သည်နှင့်အလွန်တူနေပါသည်၊ "*ဧဒုံအမျိုးသားတို့က၊ ငါတို့သည် ပျက်စီးသော်လည်း၊ ပျက်စီးသောအရပ်တို့ကို တဖန်တည်ဆောက်ဦးမည် ဟုဆိုရာတွင်၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ သူတို့သည် တည်ဆောက်သော်လည်း ငါ ဖြိုဖျက်မည်။ သူတို့ကို ဒုစရိုက်ပြည်သား၊ ထာဝရဘုရား အစဉ်အမျက်ထွက်တော်မူသော လူမျိုး ဟူ၍ သမုတ်ကြလိမ့်မည်*" (မာလခိ ၁း၄)။ နှလုံးသားမှ လိမ်ညာချင်သောသူတို့သည် ဦးစွာ မိမိတို့ကိုယ်ကို လိမ်ညာကြပါသည်။

## ၃။ ပျက်ဆီးနေသောမိတ်ဆွေဖြစ်မှု(Broken Friendship)

ရလဒ်မှာ အတော်ဆိုးဝါးပါသည်။ လူသည် မည်သည့်အခါတွင်မျှ အလိုမပြည့်နိုင်သူဖြစ်လာပါသည်။ မည်သို့မျှ မရနိုင်သည်များကို တပ်မက်လျှက် အလိုမပြည့်နိုင်သူဖြစ်လာသည်။ မိမိကိုယ်ကိုဘုရားထင်လျှက် ပြောသည့်စကားများပြည့်စုံလာရန်၊ အလိုရှိသည်ကို ခေါ်ထုတ်နိုင်သူကဲ့သို့ ထင်နေပါသည်။

ထိုသို့ဖြင့် ဧဒင်ဥယဉ်၏အလှများသည် ကွဲကြေသွားခဲ့ပြီဖြစ်သည်။ ဖန်ဆင်းခံများသည် လူ၏အလိုကို ဘယ်တော့မှ လိုလားစွာ မနာခံကြတော့ပါ။ သူတို့အချင်းချင်း ပွင့်လင်းစွာဆက်ဆံခဲ့သည်များလဲ ပျောက်ကွယ်သွားပြီဖြစ်သည်။ ထိုမှခြားနားစွာ၊ မိမိတို့စိတ်ထဲရှိ အရှက်ရမှုကို ထင်ဟပ်သည့်အနေနှင့်မိမိတို့ကိုယ်ခန္ဓာများကို မဖြစ်မနေ ဖုံးအုပ်ချင်ကြပါတော့သည် (ကမ္ဘာ ၃း၇)။ ဘုရားသခင်မှ သူတို့ကို စကားလာပြောသောအခါ၌လည်း၊ ဘဝတွင် ပထမဆုံးအကြိမ် မိမိတို့ကိုယ်ကို သစ်တောထဲတွင် ပုန်းနေကြလေသည်။ ချစ်ခြင်းမေတ္တာနှင့်မိတ်သဟာယဖွဲ့ခြင်း၏ ထိုဗဟိုနေရာသည် ပျက်စီးသွားခဲ့ပြီ၊ လူသားထံသို့ မည်သည့်အခါတွင်မျှ ပြန်မဖွင့်တော့ပါ။

ထိုမှဆန့်ကျင်စွာ ဘုရားသခင်က သူတို့ကို ပြန်ရှာတော်မူသည်။ ထိုအခါ သူတို့သည် ကောက်ကျစ်သောစိတ်ဖြင့် တဦးကိုတဦး အပြစ်ပုံချနေကြသည်၊ “ကိုယ်တော်ပေးသော မိန်းမက ပေးသဖြင့် ထိုအသီးကို စားမိပါသည်”ဟု အာဒံကပြောသည် (ကမ္ဘာ ၃း၁၂)။ ဧဝကလည်း “မြွေကညာသဖြင့် စားမိပါသည်”ဟု လွဲချပြန်သည်။ ဤနေရာတွင် လူ၏ဆိုးညစ်ခြင်းကို လူကို မည်သည့်အရပ်သို့ ပို့သနည်း ဆိုသည်ကို တွေ့ရပါသည်(အမြဲတမ်း သူများကို အပြစ်တင်ခြင်း)။ နောက်ပိုင်းတွင် ပေါလုက ဤသို့ပြောပါသည်၊ ရောမ ၂း၁ “သူတပါးကို စစ်ကြောစီရင်တတ်သောသူ၊ သင်သည် ကိုယ်အပြစ်ကို မဖုံးနိုင်ရာ။ အကြောင်းမူကား၊ သင်သည် စစ်ကြောစီရင်သောအမှုကိုပင် ကိုယ်တိုင်ပြုသည်ဖြစ်၍၊ သူတပါးကို စီရင်သည်တွင် ကိုယ်အပြစ်ရှိကြောင်းကို စီရင်ဆုံးဖြတ်ရာ ရောက်၏။” လူ၏ အနက်ရှိုင်းဆုံးအပြစ်သည်၊ မိမိပြုသောဆိုးညစ်မှုကို၊ ကောင်းသည်ဟု ကြေညာနေခြင်းဖြစ်သည် (မာလခိ ၂း၁၇)။

ထိုသို့ဖြစ်ခြင်း၏ရလဒ်မှာ လူတွင် မိတ်ဆွေဖွဲ့နိုင်ခြင်းအစွမ်းသတ္တိ ပျောက်သွားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူငယ်ချင်းဖြစ်ရန်၊ (သို့) သူငယ်ချင်းရှိရန်၊ ရိုးသားခြင်း၊ ပွင့်လင်းခြင်းနှင့်စိတ်ချနိုင်ခြင်းတို့ ရှိရပါသည်။ သို့သော် လိမ်ညာခြင်းဝင်လာသည်နှင့် ထိုအရာတို့သည် ပျောက်ကွယ်သွားပါသည်။ မရိုးသားသူသည် ဘယ်တော့မှ သူများကို စိတ်ချနိုင်မည် မဟုတ်ပါ။ သူစိမ်းဆန်ခြင်းတို့သည် ရောက်လာပါတော့သည်။ ဘုရားသခင်က သူ၏ အတွင်းအကျဆုံး အသက်တာကို ဝေငှခံစားနိုင်ရန် ဖန်ဆင်းထားသော လူ၏နှလုံးသားမှ ထိုအရည်အချင်းသည် အခုတော့ သွားပြီဖြစ်သည်။ လူတို့က ရှိပါသေးသည်ဟု ကြိုးစားရှာဖွေကြပါသည်၊ သို့သော် မိမိကိုယ်ကို လှည့်ဖျားခြင်းသာဖြစ်သည်။ ရေမလွှမ်းမိုးခင်လေးက ဘုရားသခင်က ထိုသို့ပင် ပြောခဲ့ပါသည်၊ ကမ္ဘာ ၆း၅ “မြေကြီးပေါ်မှာ လူ့အပြစ်ကြီး၍၊ သူ၏စိတ်နှလုံး အကြံအစည် ရှိသမျှတို့သည် အစဉ်မပြတ် ဆိုးညစ်ခြင်းသက်သက် ရှိကြောင်းကို ဘုရားသခင်သိမြင်တော်မူ၏။”

ဘုရားသခင်က ချက်ခြင်းသိသဖြင့်၊ ဤသို့ပြောခဲ့သည်၊ ကမ္ဘာ ၃း၂၂ “ထာဝရအရှင် ဘုရားသခင်ကလည်း လူသည် ငါတို့တွင် တပါးပါးကဲ့သို့ဖြစ်၍ ကောင်းမကောင်းကို သိတတ်၏။ ယခုမှာ သူသည် ထာဝရအသက်ကိုရခြင်းငှာ၊ လက်ကိုဆန့်လျှက် အသက်ပင်၏အသီးကို ယူ၍ မစားသင့်ဟု မိန့်တော်မူ၍၊ လူသည် မိမိထွက်သောမြေ၌ လုပ်ရမည်အကြောင်း၊ ထာဝရအရှင် ဘုရားသခင်သည်၊ ဧဒင်ဥယာဉ်ထဲက လွှတ်လိုက်တော်မူ၏။” ထိုသို့ လူကို ထားပစ်ခဲ့လျှင်၊ လူ၏အခြေအနေသည် မျှော်လင့်ချက်မဲ့သော ဝမ်းနည်းပျက်စီးခြင်းသာဖြစ်ပါတော့မည်။ ထို့အပြင် လူကို သေခြင်းအတွင်းသို့ သွားနေစေခြင်းလည်းဖြစ်၍၊ ပရောဖက်မာလခိ ပြောသလိုသာ မဟုတ်ခဲ့လျှင်၊ ချက်ခြင်းသေ၍ ထာဝရသေခြင်းသို့ ရောက်သွားမည်မှာ အမှန်ဖြစ်ပါသည်။ မာလခိ ၃း၆ “ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းမရှိ။ ထို့ကြောင့် ယာကုပ်အမျိုးသားတို့ သင်တို့သည် ဆုံးရှုံးခြင်းသို့ မရောက်ကြ။”

==============================================

## အသင်းတော်၊ အစ္စရေး (၃)

ယခုစာစောင်တွင် နိုင်ငံအကြောင်းဆက်ပြောပါမည်။ အာဗြဟံပဋိညာဉ်တွင် ကတိပေးထားသော တိုင်းပြည်နယ်နိမိတ်အကြောင်း(the land) ကျမ်းစာအတိုင်းလေ့လာပါမည်။

ထိုကတိတော်သည် ကျမ်းစာအတိုင်း အရှိအရှိအတိုင်း ပြည့်စုံပါမည်။ အစ္စရေးပြည်တွင် ပြည့်စုံပါမည်။ သို့သော် ကျွန်တော်တို့ သတိထားရမည်မှာ၊ ကျမ်းစာအရ ထိုကတိထားသောမြေသည် ပို၍ပို၍ကြယ်ပြန့်လာနေသည် ဆိုသည့်အချက်ကို ဖြစ်သည်။ ထို့ကြောင့် နောက်ဆုံး (ကောင်းကင်သစ်) မြေကြီးသစ်ရောက်ခါမှ တကယ်ပြည့်စုံနိုင်မည်ဖြစ်သည် (ကမ္ဘာ ၁၂၊ ၁၃၊ ၁၅၊ ၁၇)။ အန်သိုနီဟုတ်ခီးမာ(Anthony Hoekema)ဆိုသူ သီဩလောဂျီပညာရှင်က ဤသို့ပြောခဲ့ပါသည်၊ “သတိပြုရမည်မှာ ကတိတော်ကို သူ၏အဆွေအမျိုးများထံသို့သာ ပေးခဲ့သည်မဟုတ်ပါ၊ အာဗြဟံကိုယ်တိုင်ကိုလည်း ပေးတော်မူခဲ့ပါသည်။ သို့သော် အာဗြဟံက ခြေချစရာ တဖဝါးစာကလေးမျှပင် ထိုမြေကို မပိုင်ခဲ့ရပါ (တမန် ၇း၅)၊ သင်္ချိုင်းမြေကွက်ကလေးကိုသာ ဟစ်တိုက်လူမျိုးတယောက်ထံမှ ဝယ်၍ ပိုင်ခဲ့ပါသည် (ကမ္ဘာ ၂၃)။ ထိုသို့ မိမိဘဝတွင် မဖြစ်မြောက်ခဲ့သော ခါနန်ပြည်ကိုပိုင်ရမည် ဆိုသည့်ကတိကို အာဗြဟံ မည်သို့ စိတ်သဘော ထားပါသနည်း။ ထိုမေးခွန်းအဖြေကို ဟေဗြဲဩဝါဒစာတွင် တွေ့ရပါသည်။ ၁၁း၉-၁၀‘သူတပါးပိုင်သောပြည်၌ ဧည့်သည်နေသကဲ့သို့၊ ကတိတော်နှင့်ဆိုင်သောပြည်၌ ယုံကြည်ခြင်းအားဖြင့် ဧည့်သည်ဖြစ်

၍နေ၏။ ထိုကတိတော်ကို အမွေခံရသော အဖေါ်အဖက်တည်းဟူသော ဣဇက်၊ ယာကုပ်တို့နှင့်အတူ တဲ၌နေလေ၏။ အကြောင်းမူကား ဘုရားသခင်တည်ထောင်ပြုစုတော်မူသော၊ ခိုင်ခံ့မြဲမြံသောမြို့ကို မျှော်လင့်သတည်း။' 'ခိုင်ခံ့မြဲမြံသောမြို့'ဆိုသည့်စကားလုံးက ယေရုရှလင်မြို့သစ်ကြီးကို ရည်ညွှန်းပါသည်၊ မြေကြီးသစ်တွင် ဆောက်မည့်မြို့ ဖြစ်သည်။ တနည်းပြောရလျှင်၊ အာဗြဟံသည် ကောင်းကင်သစ် မြေကြီးသစ်၌သာ သူ့ကိုပေးသောကတိတော်များ တကယ်ပြည့်စုံမည်ဖြစ်ကြောင်း သိလျှက် မျှော်လင့်၍ နေပါသည်။ ထိုသို့ပင် အခြား ယုံကြည်ခြင်းဦးဆောင်သူများကလည်း ယုံကြည်ခဲ့ကြပါသည်။"

နောက်တနေရာတွင်လည်း ဤသို့ဆက်ပြောသည်၊ "ကျမ်းစာကသင်ပေးသော မြေကြီးသစ်အကြောင်းကို သေချာစွာနားလည်လျှင်၊ အခြားသော ကျမ်းပိုဒ်အမြောက်အများတို့သည် နေရာတကျ ဖြစ်လာမည်ကို တွေ့ရပါမည်။ ဥပမာ၊ ဆာလံ ၃၇း၁၁ တွင် 'စိတ်နှိမ့်ချသောသူတို့သည်၊ ပြည်တော်(land=မြေ)ကိုအမွေခံရကြမည်'ဟု ဖတ်ရသည်၊ ထိုကျမ်းပိုဒ်ကို သခင်ယေရှုက တောင်ပေါ်ဒေသနာတွင် ကိုးကားလျှက် ဓမ္မသစ်ကာလတွင် 'မြေ'(land)နှင့်ပတ်သက်သည့်စကားလုံး မည်သို့ ကျယ်ပြန့်သွားသည်ကိုပြောပြသည်။ 'စိတ်နူးညံ့သိမ့်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏၊ အကြောင်းမူကား၊ ထိုသူတို့သည် ပြည်တော်(earth = ကမ္ဘာကြီး)ကို အမွေခံရကြလတံ့' (မဿဲ ၅း၅)။ (ဆရာယုဒသန် ဘာသာပြန်တွင် အဓိပ္ပါယ်မကွဲပြားသလိုပြန်ထား၍၊ သေချာအောင် ထည့်သွင်းဘာသာပြန်သည်)။ ကမ္ဘာဦးကျမ်း၁၇း၈ အရ အာဗြဟံနှင့်မျိုးနွယ်တို့ကို ခါနန်ပြည်ကို ထာဝရအမွေအဖြစ်ရမည်ဟု ဘုရားသခင်က ကတိပေးကြောင်းဖတ်ရသည်၊သို့သော် ရောမ ၄း၁၃တွင် ရှင်ပေါလုက အာဗြဟံနှင့်မျိုးနွယ်တို့သည် ကမ္ဘာကြီးကို အမွေရမည့်အကြောင်းပြောပါသည်။ ထို့ကြောင့် သတိထားမိရန် ပေါလုက ပြောနေသည်မှာ၊ ကမ္ဘာဦးကျမ်း ထဲတွင်ပြောသော၊ *'ခါနန်ပြည်'*သည် ရောမသြဝါဒစာတွင် *'တကမ္ဘာလုံး'*အဖြစ်သို့ ပြောင်းသွားသည်၊ ဆိုသောအချက်ဖြစ်သည်။"

ဟုတ်ခီးမာပြောသလို၊ ဤပြဿနာအတွက် အဓိကကျမ်းပိုဒ်သည် ဟေဗြဲသြဝါဒစာ ၁၁ ဖြစ်သည်။ ထို့ကြောင့် ဤသို့မေးခွန်းစမေးကြပါမည်၊ အာဗြဟံ ကတိထားရာပြည်သို့ရောက်၍၊ ထိုနေရာတွင် (တကယ်ပိုင်ဆိုင်ခြင်းမရှိဘဲ)သွားလာ၍သာနေရခြင်းကို "ဧည့်သည်အဖြစ်သာ နေခဲ့သည်"မည်သို့ရှင်းပြမည်နည်း(ဟေဗြဲ ၁၁း၉၊၁၃)။တောင်တောင်အီအီတွေးနေစရာမလိုပါ၊၎ယ်(၁၀)တွင်အဖြေရှိသည်၊"အကြောင်းမူကား၊ ဘုရားသခင်တည်ထောင်ပြုစုတော်မူသော၊ ခိုင်ခန့်မြဲမြံသောမြို့ကို မျှော်လင့်သတည်း။"

မည်သည့်မြို့ဖြစ်သနည်း။ ဘုရားသခင်က သူတို့အတွက်ပြင်ဆင်ပေးသောမြို့ကြီးဖြစ်သည်(၁၆)။ ထိုမြို့အကြောင်းကို ဟေဗြဲ ၁၂း၂၂တွင် ထပ်ပြောသည်၊ "အသက်ရှင်တော်မူသော ဘုရားသခင်၏ မြို့တော်တည်းဟူသော ကောင်းကင်ယေရုရှလင်မြို့၊" ၁၃း၁၄ တွင် "အကြောင်းမူကား၊ ငါတို့သည် ဤဘဝ၌ အမြဲတည်သောမြို့မရှိ၊ နောက်ဖြစ်လတံ့သောမြို့ကို ရှာကြ၏။" ထို့ကြောင့် ကောင်းကင်နှင့်ဆိုင်သော ယေရုရှလင်မြို့ကြီးကို ရည်ညွှန်းနေကြောင်း ထင်ရှားပါသည်။ ထိုမြို့တွင် ခိုင်ခန့်သောအုတ်မြစ်များရှိပါသည်(၎ယ် ၁၀)။ ဗျာဒိတ် ၂၁း၁-၂ တွင်လည်း ယောဟန်က ထိုမြို့အကြောင်းပြောသည်ကို ဖတ်ရပါသည်၊ "သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည်၊ ဘုရားသခင့်အထံတော်၊ ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို ငါမြင်၏။" ထို့ကြောင့် အာဗြဟံ ဘာကြောင့် ခါနန်ပြည်တွင် ဧည့်သည်ကဲ့သို့ တချိန်လုံး သွားလာနေရသနည်းဆိုသော် သူသည် မြေကြီးကို ကောင်းကင်ဘုံ၏ နိမိတ်လက္ခဏာ အဖြစ်သာ ကြည့်မြင်၍ဖြစ်သည်၊ ပို၍မြဲမြံသောပြည်/မြို့၏ နိမိတ်ပုံအဖြစ်သာ ယူဆ၍ဖြစ်ပါသည်။

ထို့ကြောင့် အာဗြဟံနှင့်ယုံကြည်ခြင်းဦးဆောင်သူကြီးများသည် မိမိတို့ထာဝရပိုင်ဆိုင်ဖို့ ကမ္ဘာမြေမှ ခါနန်ပြည်ကို ရှာဖွေကြခြင်း မဟုတ်ပါ။ ဓမ္မဟောင်းကာလမှ အဓိကထားသော "မြေ(တိုင်းပြည်)"သည် "ကောင်းကင်တိုင်းပြည်၊" မြေကြီးသစ်က အဓိကထားသော ယေရုရှလင်မြို့သစ်ဖြစ်ပါသည် ဟေဗြဲ ၁၁း၁၆။

ခါနန်ပြည်ကိုအပိုင်ရမည်ဟု ကတိပေးခြင်းကို တိုက်ရိုက်ခံရသော အာဗြဟံသည်ကတိတော်ပြည့်စုံသည့်အနေနှင့် မြေကြီးပေါ်မှခါနန်ကိုမဟုတ်ပါ၊ ကောင်းကင်ယေရုရှလင်ကိုဖြစ်ပါသည်။ အာဗြဟံသည် ခါနန်ပြည်ကလေးကိုသာ ရရှိမည်မဟုတ်ပါ၊ တကမ္ဘာလုံးကို လက်ခံရရှိမည်ဖြစ်သည်။ ဟေဗြဲ ၁၁း၉ အရ အာဗြဟံ၏ မျှော်လင့်ချက်သည် အမြဲတည်မြဲသော၊ ပြည့်စုံသောကောင်းချီးနှင့်ဆိုင်သည့် ကောင်းကင်မြို့တော်ကြီးဖြစ်သည်။ ထိုမျှော်လင့်ချက်က အားလုံးသောအဆင်မပြေခြင်းများ၊ စိတ်ဓါတ်ကျစရာများကို ခါနန်ပြည်တွင်းသွားလာချိန်၌ တွေ့ရသည့်အခါ စိတ်ရှည်သီးခံခြင်း၊ နှိမ့်ချစွာ အလိုတော်ကို ဝန်ခံနိုင်ခြင်း

တို့ကို ပေးသည်။ ဟေဗြဲ ၁၁း၁၃-၁၆ကို ဖတ်ကြည့်ပါက၊ သူတို့ကိုယ်တိုင်က မိမိတို့သည် "ဧည့်သည်အာဂန္တုများဖြစ်ကြသည်"ကို သေချာစွာသိကြကြောင်း တွေ့ရပါမည်။ သူတို့သည် ကတိတော်ကို လက်မခံရဘဲ၊ အဝေးမှပင် မျှော်ကြည့်လျှက် သေဆုံးကြပါသည်။ သူတို့မျှော်လင့်ချက်သည် ဤမြေကြီးပေါ်၌ မတည်ပါ၊ (ငယ် ၁၆)ကပြောသလို၊ "ကောင်းကင်ပြည်တည်းဟူသော သာ၍မြတ်သောပြည်ကို တောင်းတခြင်း"ရှိကြပါသည်။ အက်ဖ်အက်ဖ်ဗရု(F. F. Bruce)ဆိုသူပညာရှင်က ဤအကြောင်းကို ယှဉ်လိုခြုံငုံအဆုံးသတ်ပါသည်၊ "သူတို့ဇာတိမြေသည် မြေကြီးပေါ်မှာ လုံးဝမဟုတ်ပါ၊ သူတို့နှလုံးသားများကို ကျောက်ချလျှက်မျှော်လင့်သည့် ပို၍ကောင်းသောနိုင်ငံသည် ကောင်းကင်တိုင်ပြည်ဖြစ်သည်။ မြေကြီးပေါ်ရှိ ခါနန်ပြည်၊ မြေကြီးပေါ်ရှိဂျေရုဆလင်မြို့သည် ဓမ္မဟောင်းယုံကြည်သူများကို ထာဝရအနားယူရခြင်း၊ ဘုရားသခင်၏အခိုင်အခန့်မြို့တော် စသည်တို့ကို ညွှန်ပြသင်ကြားပေးရန် ခဏတဖြုတ်အသုံးပြုသောအရာများသာ ဖြစ်ကြပါသည်။"

ထို့ကြောင့် အာဗြဟံကိုကတိပေးသော မြေပိုင်ဆိုင်ခြင်းကတိတော်သည်၄င်း၊ စကြာဝဠာကြီးကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်း ပရောဖက်ပြုချက်များဖြစ်သည့် ဟေရှာ ၆၅း၁၇၊ ၆၆း၂၂၊ ၃၂း၁၅၊ ၃၅း၂၊ ၇၊ ၁၀၊ ၁၁း၉ တို့သည် မြေကြီးသစ်ကို ပြန်လည်ဖန်ဆင်းချိန်တွင် ပြည့်စုံကြမည်ဖြစ်သည်။ ထိုကိစ္စကို ဥပမာတခုနှင့်ပြောလျှင်ရပါမည်၊ ၁၉၀၀ ဝန်းကျင်တွင် ဖခင်တယောက်က သားကို ကတိပေးခဲ့သည်၊ ကတိမှာ "သားအရွယ်ရောက်ပြီး၊ မိန်းမရရင် ဖေဖေ မြင်းလှည်းအကောင်းစားတစီးဝယ်ပေးမယ်" ဟုပြောခဲ့သည်။ ဖခင်သည် ထိုနှစ်များတွင် စတင်တည်ထွင်ထုတ်လုပ်နေပြီဖြစ်သော၊ မော်တော်ကားကို ရည်ညွှန်းနေခြင်းဖြစ်သည်။ လူတိုင်းက မတွေ့ဘူးသေးပါ၊ သူ့သားလည်း မတွေ့ဘူးပါ၊ ထို့ကြောင့် မြင်းလှည်းဟုပြောခဲ့သည်။ တနေ့တော့ သူ့သားအရွယ်ရောက်လာသည်၊ အိမ်ထောင်ပြုသည်၊ ထိုအခါ ကတိအတိုင်း ကားသစ်တစီးကို ဝယ်ပေးလိုက်သည်။ ထိုအခါတွင်မှ သူ့သားသည် ဖခင်၏ကတိမှာ လှည်း မဟုတ်၊ ၄င်းကပုံဆောင်ခဲ့သော ကား၊ ပို၍ကောင်းသောအရာဖြစ်ကြောင်း သိလာပါသည်။ ထိုသို့ပင် အစ္စရေးတို့ကို ပေးသော ကတိတော်သည်လည်း ဖြစ်ပါသည်။

=====================================

## အသင်းတော်အစဦးသမိုင်းကြောင်းတွင်တွေ့ရသော ကလေးငယ်များကိုဗတ္တိဇံပေးခြင်းမှတ်တမ်းများ
## (Infant Baptism in Early Church History)

ပင်တေကုတ္တေနေ့၊ ဓမ္မသစ်ခရစ်ယာန်အစမှ ယနေ့တိုင် အသင်းတော်သည် ကလေးငယ်များကို ဗတ္တိဇံပေးခဲ့ပါသည်၊ မပြတ်တမ်း၊ တောက်လျှောက် ပေးနေခဲ့ပါသည် (တမန် ၂း၃၈-၃၉)။ အိမ်ထောင်စုတခုလုံး ဗတ္တိဇံကိုပေးခဲ့ကြပါသည်၊ ခရစ်တော်၏တမန်တော်(၁၂)ပါးမှစတင်၍ပေးခဲ့ကြသည်မှာ၊ ဆွေစဉ်မျိုးဆက်တလျှောက် ယနေ့တိုင်ဖြစ်သည် (၁ကော ၁း၁၆၊ တမန် ၁၁း၁၄၊ ၁၆း၁၅၊ ၃၃၊ ၁၈း၈)။

**အစဉ်မျိုးအသင်းတော်များ**

ပိုလေးကပ်(Polycarp 69-155)၊ တမန်တော်ယောဟန်၏တပည့်ဖြစ်သည်။ သူကလည်းကလေးငယ်များကို ဗတ္တိဇံပေးခဲ့သည်။ ထို့ကြောင့် မာတုရအဖြစ် အသေခံခါနီးတွင် "ရှစ်ဆယ့်ခြောက်နှစ်လုံးလုံး၊ ငါ သခင်ယေရှုခရစ်တော်၏အမှုတော်ကို ထမ်းဆောင်ခဲ့တယ်"ဟု ပြောနိုင်ခဲ့ပါသည်။ ဂျပ်စတင်မာတား (Justin Martyr 100-166)က နှစ်ပေါင်း၁၅၀ ခရစ်ယာန်တို့သမိုင်းကို ဤသို့ပြောခဲ့ပါသည်၊ "လူအမြောက်အများ၊ ယောကျ်ားမိန်းမအားလုံး၊ ငယ်စဉ်ကပင် ခရစ်တော်၏ တပည့်တော်များ ဖြစ်ခဲ့ကြ၍၊ အသက် ၆၀၊ ၇၀ ထိတိုင်အောင် စင်ကြယ်စွာနေထိုင်ကြပါသည်။""ထရိုင်ဖိုဆိုသောဂျူးနှင့်စကားပြောခြင်း" စာအုပ်တွင် သူက ဆက်၍၊ "ဗတ္တိဇံဆိုသည်မှာ ဓမ္မသစ်အရေဖျားလှီးခြင်းမင်္ဂလာဖြစ်သည်"ဟု ပြောခဲ့ပါသည်။

အီရီနေးယပ်စ်(Irenaeus 130-200)ဆိုသည့် အသင်းတော်ဖခင်ကလည်း အေဒီ ၁၈၅ ခန့်တွင် "သခင်ယေရှုသည် လူများကို သူ့အားဖြင့် ကယ်တင်ရန် ကြွလာခြင်းဖြစ်သည်၊ လူများကိုဟုပြောသည်အခါ၊ သူ့အားဖြင့် ဘုရားသခင်၏ဒုတိယမွေးခြင်းခံရသူတို့ကိုဖြစ်သည်၊ ကလေးငယ်များ၊ ကလေးများ၊ လူငယ်များ၊ လူကြီးများ အားလုံးဖြစ်သည်"ဟု ရေးသားခဲ့ပါသည်။

**အသင်းတော်အစည်းအဝေးများနှင့်ယုံကြည်ခြင်းကိုကာကွယ်သူများ**
(Church Councils and Apologists)

ထိုသို့သောအရေးအသားများကို နောက်ပိုင်းမျိုးနွယ်ဆက်တလျှောက်တွင်လည်း တွေ့ရပါသည်။ ဩရီဂျင်(Origen 185-254)နှင့်ဆိုင်ပရီးယန်း(Cyprian 215-258)တို့ကလည်း အေဒီ ၂၅၄ တွင်ကျင်းပသော ကာသေ့ချ်အထွေထွေညီလာခံကြီးမှ ဆုံးဖြတ်ချက်များ အကြောင်းကို ဤသို့ ပြန်လည်ရေးသားခဲ့ကြသည်။ "ကျွနုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ခံစားရာလမ်းဖြစ်သော ဗတ္တိဇံပေးခြင်းမှ မည်သူ့ကိုမျှ မတားရန်ဖြစ်သည်၊ အထူးသဖြင့် မွေးခါစ ကလေးငယ်များကိုဖြစ်သည်။" ဩရီဂျင်က လုကာ ၁၄ဖြင့် တရားဟောသည့်အခါ၊ "ကလေးများလည်း အပြစ်မှလွတ်ရန် ဗတ္တိဇံကိုပေးရမည်"ဟု ဟောကြားခဲ့သည်။ ဆိုင်ပရီးယန်းက ပို၍ပြတ်သားပါသည်၊ ဖီးဒီးယပ်ဆိုသူသင်းအုပ်က ကလေးများကို ဗတ္တိဇံပေးရန် မွေးပြီး (၈)ရက် စောင့်ရန်လိုပါသလားဟုမေးရာ၊ မလိုပါ မွေးသည်နှင့်ပေး၍ရသည်ဟုဖြေခဲ့ပါသည်။

နယ်ဒေသမှအခြားသင်းအုပ်များလည်း ထိုသို့ပင်ယုံကြည်ကြကြောင်း၊ နားလည်မှုမလွဲနိုင်ရန် အေဒီ ၄၁၈၌ ဆဌမအကြိမ်မြောက်ကာသေ့ချ်အထွေထွေညီလာခံ(the Sixth Council of Carthage) တွင် သင်းအုပ်များအားလုံး သဘော တူညီစွာ ဤသို့ ဝန်ခံချက်တွင်ရေးထားပါသည်။ "အကယ်၍ တစုံတဦးက မွေးစကလေးများကို ဗတ္တိဇံပေးစရာမလိုဟု ပြောလျှင်၊ ထိုသူသည် ဘုရားသခင်၏ကျိန်ခြင်းကို ခံပါစေသတည်း။"

**ဩဂတ်စတင်**

ဩဂတ်စတင်(Augustine 354-430)သည် အကြီးမြင့်ဆုံး တွေးခေါ်ရှင်၊ သီဩလောဂျီပညာရှင်ဖြစ်သည်။ ကမ္ဘာကလည်းသိသည်၊ သူ့ကိုမသိသူသည် မျက်စိကန်းနေသူပင်ဖြစ်ပါမည်ဟု ပြောရလောက်သူ ဖြစ်သည်။ ထိုသူက အေဒီ၄၀၀ ဝန်းကျင်တွင် "ကျွန်တော်တို့မိခင်အသင်းတော်၏ ကလေးငယ်များကို ခေတ်အဆက်ဆက် ဗတ္တိဇံပေးခြင်းဓလေ့ထုံးစံသည်၊ တမန်တော်များထံမှ ခံယူသော ထုံးစံတခုဖြစ်သည်မှာ သံသယဖြစ်စရာမလိုပါ"ဟု ရေးသားခဲ့သည်။

သူကဆက်၍ "သင်သည် ခရစ်ယာန်ဟုမိမိကိုယ်ကိုဆိုခဲ့လျှင်၊ ဗတ္တိဇံမခံဘဲ သေသွားသော ကလေးငယ်များသည် မူလအပြစ်မှလွတ်ကြလိမ့်မည်ဟု မယုံနှင့်မပြောနှင့်မသင်နှင့်"ဟု ပြောခဲ့သည်။ ထပ်မံ၍ "ဗတ္တိဇံမင်္ဂလာကို မခံဘဲ၊ သေသွားသောကလေးငယ်သည် သခင်ခရစ်တော်ကြောင့် ပြန်လည်ထမြောက်မည်ဟု ပြောသူသည်၊ တမန်တော်များ၏ဟောပြောခြင်းကို ဆန့်ကျင်သူဖြစ်သည်၊ အသင်းတော်တခုလုံးကို စော်ကားသူဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် သူတို့က မနှောင့်နှေးဘဲ ကလေးများကိုဗတ္တိဇံပေးခဲ့ကြ၍ဖြစ်သည်၊ ထိုမင်္ဂလာမရှိဘဲ ပြန်လည်ထမြောက်ရာတွင် မပါနိုင်ပါ"ဟုရေးခဲ့သည်။

အထက်ကရေးသားခဲ့သော ဓလေ့ထုံးစံသည် အသင်းတော်စတင်ချိန်မှ၊ အမှောင်လွှမ်းသော ခေတ်တလျှောက်၊ အလယ်ခေတ်တလျှောက်၊ ယနေ့ခေတ်ထိ ကျင့်သုံးနေသော ဓလေ့ထုံးစံဖြစ်သည်။ ရေးသားသောစာများတွင်သာမက၊ နံရံရေးပန်းချီများ၊ အဆောက်အဦးပေါ်ထွင်းထုသော ပန်းပုများ၊ သင်္ချိုင်းများတွင်ရေးထွင်းသော ရုပ်ပုံများအရလည်း အေဒီ ၂၀၀ ခန့်မှနေ၍၊ ကလေးငယ်များ ဗတ္တိဇံပေးနေပုံများကို သက်သေသာဓက များစွာတွေ့ရပါသည်။ အေဒီ ၂၀၀ ခန့်မှဟု ပြောရခြင်းမှာ၊ ခရစ်ယာန်ယုံကြည်ခြင်းကို ပန်းချီပန်းပုပညာဖြင့် ထိုခေတ်လောက်မှစ၍ ရေဆွဲထွင်းထုကြ၍ဖြစ်သည်။ ရောမမြို့အောက် လှိုင်ဂူများတွင် ထိုသို့သောပန်းချီများကိုတွေ့ရသည်၊ လှိုင်ဂူများထဲတွင် ခရစ်ယာန်များ ရောမစစ်သား များသတ်မည်စိုး၍ ပုန်းအောင်ဝတ်ပြုခဲ့ကြရသည်။

ထိုခေတ်လောက်က အရှေ့အလယ်ပိုင်းဒေသ အုတ်ဂူများ၊ အာဖရိကတိုက်နှင့် တောင်ပိုင်းဥရောပဒေသများတို့၌လည်း အနှံ့အပြားထိုသို့သော ကလေးငယ်များကိုဗတ္တဇံမင်္ဂလာပေးခြင်း ပန်းချီပန်းပုအထိမ်းအမှတ်များကို တွေ့ရပါသည်။

**ကလေးဗတ္တိဇံပေးခြင်းကိုငြင်းသူများမှာ မှားယွင်းသောဝါဒကိုသင်ပေးသူများသာဖြစ်ခြင်း**

အသင်းတော်စတင်ချိန်မှ အေဒီ၁၅၀၀ ထိကာလတလျှောက်တွင်၊ ကလေးဗတ္တိဇံကို ငြင်းသူတဦးတည်းရှိပါသည်၊ ထိုသူမှာ တာတူလျံ(Tertullian 160-215)ဆိုသူ၊ ကာသေ့ချ်အရပ်ရှိသင်းအုပ်ဖြစ်သည်။ သူ၏ငြင်းပယ်ခြင်းကို အပေါ်ယံကြည့်လျှင်၊ မိဘအုပ်ထိန်းမှုအောက်မှမလွတ်သေးသည့် မယုံကြည်သူကလေးငယ်များ အသင်းတော်သို့လာလျှင် ဗတ္တိဇံပေးရန်ငြင်းဆိုခြင်းဟု ယူဆနိုင်ပါသည်။ သို့သော် ထိုမျှ

မကပါ၊ သူ၏ငြင်းပယ်ခြင်းသည် ပို၍အခြေခံကျပါသည်။ တာတူလျံက အပြစ်ဆိုသောအရာသည် လူတွင် လူငယ်ဘဝရောက်မှ ဝင်ရောက်ခြင်းဖြစ်သည်ဟု ယုံကြည်၍ဖြစ်သည်။ "လူသည် အသက်(၁၄)နှစ်ရောက်သောအခါ၊ အပြစ်မဲ့သောဘဝကိုလွန်ပါသည်"ဟု ရေးခဲ့သည်။ ထို့ကြောင့် တာတူလျံသည် မူလအပြစ်(original sin)ကို ငြင်းပယ်သူဖြစ်သည်။

သူသည် ထိုသို့သောအမှားများကိုယုံကြည်သူဖြစ်သဖြင့် နောက်ဆုံးတွင် အေဒီ၂၀၇၌ မွန်တန်းနိဇင်(Montanism)ဆိုသော ဩဝါဒမှားဂိုဏ်းသို့ ဝင်ရောက်သွားပါသည်။ မွန်တန်းနိဇင်ဂိုဏ်းက လူသားသည် အပြစ်ကြောင်းလုံးလုံးလျားလျားပျက်ဆီးနေသည်၊ လူ့သဘာဝသည်အပြစ်ဇာတိသဘာဝဖြစ်သည်စသည့်အမှန်တရားများကို ငြင်းပယ်သော ဂိုဏ်းဆိုးဖြစ်သည်။ သူတို့က ဝိညာဉ်တော်၏အထူးဆုကျေးဇူးများ၊ အံ့ဩစရာပြုခြင်းများကို အထူးဦးစားပေးကြသည်၊ ယနေ့ခေတ် ဝိညာဉ်အစွန်းရောက်ဂိုဏ်းများ(Charismatic Movement)၏ ရှေ့ပြေးအဖွဲ့များဖြစ်သည်။

===================================

**ဘုရားသခင်၏သိ၍မကုန်နိုင်ဖြစ်တော်မူခြင်းဩဝါဒ**(God's Incomprehensiblity)

"ဘုရားသခင်သည် ကြီးမြတ်တော်မူ၏။ ငါတို့သည် ဘုရားသခင်ကို မသိနိုင်၊ အသက်တော်နှစ်ပေါင်းကို စစ်၍မကုန်နိုင်ကြ" (ယောဘ ၃၆း၂၆)။ ထိုသို့ပြောခြင်းသည် ကျမ်းစာက ဘုရားသခင်၏ အကြောင်းကို လူသားနားလည်ရန်နိမိတ်ပုံစကား(anthropomorphic)ကိုသုံး၍ ပြောခြင်းဖြစ်သည်။ တည်ရှိနေကြသောအရာများအားလုံးနှင့် နှိုင်းယှဉ်လျှင် ဘုရားသခင်သည် ရောနှောခြင်းကင်းသောသူ (pure being)ဖြစ်တော်မူသည်။ အကန့်အသတ်နှင့်ဖြစ်သောအရာခပ်သိမ်းနှင့်ဆန့်ကျင်လျှက် သူသည် အကန့်သတ်မဲ့သူ ဖြစ်တော်မူပါသည်။ တိုင်းတာ၍မရအောင် နက်ရှိုင်းလှသူဖြစ်သည်။ ခဏသာဖြစ်တည်ကြရသည့် အရာများကိုဆန့်ကျင်လျှက် သူသည် ထာဝရဖြစ်တော်မူပါသည်။ အကန့်သတ်မဲ့စွာဖြင့် သူသည် များပြားစုံလင်လှသော ဖန်ဆင်းခံများအထက်၌ ရှိတော်မူသူဖြစ်သည်။ သူသည် တပါးတည်းသာ ဖြစ်တော်မူသည့်၊ တုနှိုင်းဖွယ်မရှိသော ရိုးစင်းလှသည့် ဘုရားသခင် ဖြစ်တော်မူပါသည်။

ဖန်ဆင်းခံတို့အတွက်မူ တည်ရှိသည်(exist)ဟုသာပြော၍ရပါမည်။ အဘယ်ကြောင့်ဆိုသော်မိမိဖြစ်တည်မှုအတွက် အခြေခံတရားကို မိမိထံအတွင်း၌ မရှိနိုင်ကြသောကြောင့်ဖြစ်ပါသည်။ ဖန်ဆင်းခံတို့သည် ဘုရားသခင်အတွင်း၌သာ ဖြစ်တည်ကြရပါသည်၊ သူ့အထံတော်၌ အသက်ရှင်ကြ၊ လှုပ်ရှားကြလျှက်၊ မိမိတို့၏ဖြစ်တည်မှုကို ရရှိကြပါသည် (တမန် ၁၇း၂၈)။ ထို့အတွက်ကြောင့်ပင် ဖန်ဆင်းခံတို့သည် အမြဲမပြတ် ဖြစ်ပေါ်ပြောင်းလဲ နေကြရပါသည်။ ပေါ်လာလိုက် ပျောက်သွားလိုက်သာ ဖြစ်ပါသည်။ တိုးတက်လာသည်၊ ပွားများလာသည်၊ ပြန်လျော့သွားသည်၊ ကြီးထွားလာသည်၊ ပျက်ဆီးသွားသည်၊ ဘယ်တော့မှ တသမတ်ထဲ မရှိနိုင်ပါ။ သို့သော် ဘုရားသခင်သည် တသမတ်ထဲဖြစ်တော်မူသည်။ ဘုရားသခင်သည် အမြဲရှိတော်မူနေသည်။

ဖန်ဆင်းခံများမှာမူ ရှိနေသည်ဟုပြော၍မရပါ၊ ဖြစ်တည်နေကြသည်ဟုသာပြောနိုင်ပါမည်။ ဘုရားသခင်သည် ဖြစ်တည်နေခြင်းမဟုတ်၊ ရှိနေခြင်းဖြစ်သည်။ သူသည် အချိန်ထဲတွင် ဖြစ်လာနေသည် မဟုတ်ပါ၊ ထာဝရကာလကထဲက ရှိနေခြင်းဖြစ်သည်။ "တောင်များကိုမဘော်၊ မြေကြီးနှင့်လောကဓါတ်ကိုဖန်ဆင်းတော်မမူမှီ၊ ကိုယ်တော်သည် ရှေးကမ္ဘာအဆက်ဆက်မှစ၍၊ နောက်ကမ္ဘာအဆက်ဆက်တိုင်အောင် ဘုရားသခင်ဖြစ်တော်မူ၏" (ဆာလံ ၉၀း၂)။ သူ့ထံတွင် တနေ့သည်နှစ်ပေါင်းတထောင်နှင့်တူ၍၊ နှစ်ပေါင်းတထောင်သည် တနေ့ကဲ့သို့ဖြစ်ပါသည် (၂ပေ ၃း၈)။ ကျွန်တော်တို့၏နေ့ရက်များသည် အရိပ်များလိုဖြစ်ပါသည်၊ အမြဲတမ်းလျော့လာပါသည်။ ကောင်းကင်နှင့်မြေကြီးလဲ တနေ့ပျက်ဆီးမည်ဖြစ်သည်။ အရာအားလုံးသည် ခြုံထည်ကဲ့သို့ အိုဟောင်းလာတတ်ကြသည်။ အဝတ်ကဲ့သို့ ပြောင်းလဲသွားကြသည်။ သို့သော် ဘုရားသခင်သည် အမြဲတမ်းရှိနေတော်မူသည်။ သူ့ကိုမှတ်မိခြင်းသည် မျိုးနွယ်ဆက်အမြောက်အများတိုင်အောင်ဖြစ်သည်။ သူသည် အမြဲတမ်း တပုံစံထဲဖြစ်သည်။ သူ၏နှစ်များသည် ဘယ်တော့မှ မကုန်ဆုံးနိုင် ဖြစ်တော်မူသည် (ဆာလံ ၁၀၂း၁၁-၁၂၊ ၂၅-၂၇)။ ထို့ကြောင့် သူ၏နာမည်ကို ဂျေဟောဝါ၊ ငါဖြစ်သည့်အတိုင်းငါဖြစ်သည်ဟု ခေါ်ရခြင်းဖြစ်သည်။ သူသည် ဖြစ်လာသည်မဟုတ်၊ ထာဝရ၊ မပြောင်းလဲသောဘုရားသခင် ဖြစ်တော်မူသည် (ထွက် ၃း၁၄)။ (ဆက်၍ဖော်ပြပါမည်၊ ဆရာဆန်ကဲ)